# ခံယူချက်ပိုင်းဆိုင်ရာအမေးအဖြေများ

# ကလေးသူငယ်များအတွက် အမေးအဖြေများ

Westminster Shorter Catechism
များကို  မိတ်ဆက်ပေးခြင်း

*Original author unknown.*
*Edited and enlarged by*
***Ps J.J. Lim;***
*with helpful contributions by* ***Ps David Higgs***

December 2010 edition

Copyright © Gratia Dei Sola Media

# ကလေးသူငယ်များအတွက် အမေးအဖြေများ–

# The Westminster Shorter Catechism များကိုမိတ်ဆက်ခြင်း

Original author unknown.
Edited and enlarged by Ps. J.J.Lim;
with helpful contributions by Ps David Higgs

© 2010 by Pilgrim Covenant Church

Myanmar Language Version© Gratia Dei Sola Media

Blk 203B, Henderson Road, # 07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com

All Rights reserved

မြန်မာဘာသာပြန်ဆိုသူ–ဆရာဦးဇမ်လမ့်ထန်
စာတိုက်သေတ္တာအမှတ် (၁၀၅၇)
ရန်ကုန်
Email:dzlthang@gmail.com

**အသင်းတော်အတွင်း ဖြန့်ဝေရန်**

## စကားချီး

တမန်တော်ရှင်ပေါလုက တိမောသေအား ''ငါ့ထံ၌ကြားရပြီးသောစင်ကြယ် သောတရားစကားအချုပ်အခြာကို ယေရှုခရစ်၌ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့်တကွစွဲလမ်းလော့'' (၂တိ ၁း၁၃) ဟုမိန့်မှာထားခဲ့သည်။ မေးခွန်းပုံစံများအားဖြင့် သမ္မာကျမ်းစာသွန်သင်ခြင်းသည် ထိရောက်သောအခြေခံကျနည်းဗျူဟာတစ်ခုဖြစ်သည်။

ကလေးငယ်များအား သမ္မာကျမ်းစာမေးခွန်းများကိုသွန်သင်သောအခါ PPC တွင်ဖော်ပြထားသောသမ္မာကျမ်းစာသမိုင်းမေးခွန်းများနှင့်ခံယူချက်နှင့်ပတ်သက်သောမေးခွန်းများကိုသွန်သင်ရမည်ဖြစ်သည်။

သမ္မာကျမ်းစာသမိုင်းမေးခွန်းတွင် သမ္မာကျမ်းစာရှိရွေးနှုတ်ကယ်တင်ခြင်းများအကြောင်းဖော်ပြထားသည့်နည်းတူ၊ ခံယူချက်နှင့်ပတ်သက်သောမေးခွန်းတွင်လည်း သမ္မာကျမ်းစာထဲတွင်ရှိသောခံယူချက်များကို စုစည်းတင်ပြထားပါသည်။

ကလေးငယ်များကိုသွန်သင်သောအခါ အယူဝါဒဆိုင်ရာမေးခွန်းများကိုနှစ်မျိုးနှစ်စားခွဲခြားထားပါသည်။ ၎င်းတို့မှာ the Westminster Shorter Catechism နှင့် the Catechism for Young Children တို့ ဖြစ်ကြသည်။ The Catechism for Young Children သည် the Westminster Shorter Catechism ကိုမိတ်ဆက်ပေးထားခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ကလေးငယ်များသည် the Westminster Shorter Catechism ကို ပိုင်ပိုင်နိုင်နိုင်သိရှိနားလည်းရန်အတွက် ရည်ရွယ်ထားပါသည်။The Westminster Shorter Catechism ပိုင်နိုင်စွာမရသေးသောကလေးငယ်များကို သူတို့၏အသက်အရွယ်နှင့်ညီညွတ်သောအတန်းများသို့တက်ရောက်ရန် တိုက်တွန်းလိုပါသည်။ အုပ်ထိန်းသူမိဘများသည် သူတို့၏ကလေးငယ်များကို the Westminster Shorter Catechism အလွတ်ကျက်မှတ်နိုင်ခဲ့သည်ဟုသိရှိလျှင် သမ္မာကျမ်းစာအနက်ဖွင့်ကျမ်းများမလေ့လာမီ the Westminster Shorter Catechism များကို သင်ကြားပေးသင့်သည်ဟု အကြံပြုလိုသည်။

ကလေးသူငယ်များကို သမ္မာကျမ်းစာများအားဖြင့်သွန်သင်ခြင်းသည် အုပ်ထိန်းသူမိဘများ၏အဓိကတာဝန်ဖြစ်သည်ဟု ကျွန်တော်အထူးပြုတင်ပြလိုပါသည်။ အပတ်တိုင်းတွင်သွန်သင်သောဆရာများသည် သင်ခန်းစာများကို အတိုချုံးသင်ကြားပေးကာ ကလေးငယ်များသည် မေးခွန်းများကို မလွတ်ရ/မရ စစ်ဆေးရမည်ဖြစ်သည်။ ထို့ကြောင့် ဖခင်များသည် သူတို့၏သား သမီးများအတန်းထဲသို့မဝင်မီ အဖြေများကို ရှင်းပြသင့်ပါသည်။

ကလေးငယ်များ၏စိတ်နှလုံးသားထဲတွင် နှုတ်ကပတ် တော်သမ္မာတရားကိုအမြစ်တွယ်လျက်၊ နောက်လာမည့်မျိုးဆက်သစ်များကိုလည်း ပြန်လည်သင်ကြား ပေးနိုင်ရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုအပေါ် ကောင်းချီးကြွယ် ဝစွာချပေးပါစေ။

Ps. J.J.Lim

Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁)

# အသက်ရှင်၍စစ်မှန်သောဘုရားသခင် (၁)

၁။ သင့်ကိုမည်သူကဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်က ဖန်ဆင်းခဲ့သည်။

၂။ ဘုရားသခင်သည် သင့်ကို အဘယ်ကြောင့်ဖန်ဆင်းခဲ့သနည်း။
ဘုရားကိုချီးမွမ်းရန်နှင့် သူနှင့်အတူပျော်မွေ့ရန်အတွက်ဖြစ်သည်။

၃။ ဘုရားသခင်ကို သင်မည်သို့ချီးမွမ်းရမည်နည်း။
သူ့ကိုချစ်ခြင်းနှင့် ပညတ်တော်များကို စောင့်ခြင်းအားဖြင့် ချီးမွမ်းရပေမည်။

၄။ ဘုရားသခင်ကို သင်အဘယ်ကြောင့် ချီးမွမ်းရမည်နည်း။
သူသည် ကျွန်ုပ်ကို ဖန်ဆင်း၍စောင့်ထိန်းသောကြောင့်ချီးမွမ်းရမည်။

၅။ ဘုရားများစွာရှိသလား။
အသက်ရှင်၍စစ်မှန်သောဘုရားတဆူတည်းရှိသည်။

၆။ သစ်သားနှင့်ကျောက်ခဲများဖြင့်ဖန်ဆင်းသောဘုရားများသည်မည်ကဲ့သို့ဖြစ်ကြသနည်း။
သူတို့သည် အသက်မရှင်သောဘုရားအတုများဖြစ်ကြသည်။

၇။ အသက်ရှင်၍စစ်မှန်သောဘုရားမှာ ပုဂ္ဂိုလ်မည်မျှရှိသနည်း။
ပုဂ္ဂိုလ်သုံးပါးရှိသည်။

၈။ ထိုပုဂ္ဂိုလ်သုံးပါးတို့သည် မည်သူတွေဖြစ်ကြသနည်း။
ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့်သန့်ရှင်းသောဝိညာဉ်တော်ဘုရားဖြစ်သည်။

၉။ ဘုရားသခင်ကိုချစ်ခြင်းနှင့်နာခံခြင်းတို့ကို သင် မည်သည့်နေရာသင်ယူသနည်း။
သမ္မာကျမ်းစာတစ်ခုတည်းထဲတွင် သင်ယူနိုင်ပါသည်။

၁၀။ သမ္မာကျမ်းစာကို မည်သူတွေက ရေးသားခဲ့သနည်း။
သန့်ရှင်းသောဝိညာဉ်တော်မှုတ်သွင်းခြင်းခံသောရေးသူတော်စင်များက ရေးသားခဲ့သည်။

ရွှေကျမ်းချက်။ ။ "ထာဝရဘုရားမူကား၊ မှန်သောဘုရား၊ အသက်ရှင်သောဘုရား၊
နိစ္စထာဝရဘုရင်ဖြစ်တော်မူ၏။" (ယေရမိ ၁၀း၁၀)



## သင်ခန်းစာ (၂)

# အသက်ရှင်၍စစ်မှန်သောဘုရားသခင် (၂)

၁၁။ ဘုရားသခင်သည် မည်သူဖြစ်သနည်း။
ဘုရားသခင်သည် နံဝိညာဉ်၊ နစ္စ၊ ထာဝရနှင့်ပြောင်းလဲမှုမရှိသောဘုရားဖြစ်သည်။

၁၂။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်သည်ဟု ကျွန်ုပ်တို့မည်သို့ပြောနိုင်သနည်း။
ဘုရားသခင်မှာ လူသားကဲ့သို့ရုပ်ခန္ဓာမရှိပေ။သင်ခန်းစာ (၁

၁၃။ ဘုရားသခင်သည် နစ္စတည်သောဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့မည်သို့ပြောနိုင်သနည်း။
သူ့မှာ ကန့်သတ်ထားသောအချိန်ကာလမရှိသောကြောင့်ဖြစ်သည်။

၁၄။ ဘုရားသခင်သည် ထာဝရဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့မည်သို့ပြောနိုင်သနည်း။
ဘုရားသခင်မှာ အစနှင့်အဆုံးမရှိသောကြောင့်ဖြစ်သည်။

၁၅။ ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသောဘုရားဖြစ်သည်ဟု ကျွန်ုပ်တို့မည်သို့ပြောနိုင်သနည်း။
ဘုရားသခင်သည် ပြည့်စုံသောဘုရား၊ ပို၍ကောင်းခြင်း(သို့)ဆိုးခြင်းမရှိသောဘုရား၊ သူ၏အလိုတော်ကိုပြောင်းလဲခြင်းမရှိသောဘုရားဖြစ်သောကြောင့်ဖြစ်သည်။

၁၆။ ဘုရားသခင်သည် မည်သည့်နေရာတွင် ရှိသနည်း။
ဘုရားသခင်သည် နေရာတိုင်းတွင် ရှိသည်။

၁၇။ ဘုရားသခင်ကို သင်မြင်နိုင်သလား။
ဘုရားသခင်ကို ကျွန်ုပ်မမြင်နိုင်သော်လည်း သူက ကျွန်ုပ်ကို အစဉ်အမြဲမြင်တွေ့နိုင်သည်။

၁၈။ ဘုရားသခင်သည် အရာခပ်သိမ်းကို သိရှိသလား။
သိရှိသည်။ မည်သည့်အရာကိုမျှ ဘုရားသခင်ထံမှ ဖုံးကွယ်၍မရပေ။

၁၉။ ဘုရားသခင်သည် အရာခပ်သိမ်းကို ပြုလုပ်နိုင်သလား။
ဘုရားသခင်သည် သူ၏ကောင်းမွန်သောအလိုတော်နှင့်အညီအရာခပ်သိမ်းကို ပြုလုပ်နိုင်ပါသည်။

ရွှေကျမ်းချက်။ ။ "ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူ တို့သည် နံဝိညာဉ်နှင့်၄င်း၊ သစ္စာတရားနှင့်၄င်းကိုးကွယ်ရမည်ဟုမိန့်တော်မူ၏။" (ယောဟန် ၄း၂၄)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၃)

# ဖန်ဆင်းခြင်းနှင့်ပြုစုစောင့်ထိန်းခြင်း

၂၀။ ဘုရားသခင်၏အခွင့်အာဏာသည် မည်သည့်အရာများဖြစ်သနည်း။
လောကတစ်ခုလုံးတစ်ခုလုံးကို နှုတ်ထွက်စကားတော်အားဖြင့်ဖန်ဆင်းခြင်းဖြစ်သည်။

၂၁။ ထာဝရကာလသည် မည်သည့်အချိန်တွင်အစပြုခဲ့သနည်း။
ကမ္ဘာမတည်ရှိမီအချိန်ကာလမှအစပြုခဲ့သည်။

၂၂။ ဘုရားသခင်သည် သူ၏အမိန့်တော်ကို မည်သို့အသုံးပြုခဲ့သနည်း။
ဖန်ဆင်းခြင်းနှင့်ပြုစုမွမ်းမံခြင်းတွင် အသုံးပြုခဲ့သည်။

၂၃။ မည်သည့်အရာကို ဖန်းဆင်းခြင်းဟုခေါ်သနည်း။
ခြောက်ရက်အတွင်းအရာခပ်သိမ်းဖန်ဆင်းခြင်းကို ဖန်ဆင်းခြင်းဟုခေါ်သည်။

၂၄။ အစအဦး၌ ဖန်ဆင်းထားသောအရာများသည် မည်သည့်အရာနှင့်တူခဲ့သနည်း။
ဖန်ဆင်းထားသောအရာရှိသမျှသည် အလွန်ကောင်းသည်။

၂၅။ ဘုရားသခင်သည် အရာခပ်သိမ်းကို အဘယ်ကြောင့်ဖန်ဆင်းခဲ့သနည်း။
သူ၏ဘုန်းတော်ထင်ရှားဘို့ရန်အတွက် ဖန်ဆင်းခဲ့သည်။

၂၆။ ပြုစုမွမ်းမံခြင်းလုပ်ငန်းသည် မည်သည့်အရာဖြစ်သနည်း။
လောကတစ်ခုလုံးတွင်ရှိသော လူ၊သတ္တဝါနှင့်အရာခပ်သိမ်းကို ပြုစုစောင့်ရှောက်ခြင်းဖြစ်သည်။

၂၇။ ဘုရားသခင်သည် အဘယ်ကြောင့် အရာခပ်သိမ်းကို ပြုစုစောင့်ရှောက်ထားသနည်း။
သူ၏ဘုန်းတော်ထင်ရှားဖို့ရန်နှင့်သူရွေးကောက်သောသူများကောင်းစားရေးအတွက်ဖြစ်သည်။

၂၈။ ဘုရားသခင်ရွေးကောက်သောသူများသည် မည်သူတွေဖြစ်ကြသနည်း။
ရှေးမဆွကတည်းက ဘုရားသခင်၏ချစ်သောသူများဖြစ်ကြသည်။

ရွှေကျမ်းချက်။ ။ "ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ။ အစမှစ၍အဆုံးတိုင်အောင်၎င်း၊ ရှေးကာလမှစ၍ မဖြစ်သေးသော အမှုအရာတို့ကို၎င်းဘော်ပြလျက်၊ ငါ့အကြံတည်လိမ့်မည်။ ငါအလိုရှိသမျှငါပြည့်စုံစေမည်။" (ဟေရှာယ ၄၆း၉-၁၀)



## သင်ခန်းစာ (၄)

# လူသားနှင့်ပဋိညာဉ်

၂၉။ ဘုရားသခင်သည် လူကို မည်သို့ဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်က ပထမလူသားကို သူ၏ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခဲ့သည်။

၃၀။ ပထမဦးဆုံးလူသားများသည် မည်သူတွေဖြစ်ကြသနည်း။
အာဒံနှင့်ဧဝတို့ဖြစ်ကြသည်။

၃၁။ ပထမဆုံးလူကို ဘုရားသခင်သည် မည်ကဲ့သို့ဖန်ဆင်းခဲ့သနည်း။
အာဒံကို မြေမှုန့်မှ၎င်း၊ ဧဝကိုအာဒံခန္ဓာကိုယ်ထဲမှ၎င်း ဖန်ဆင်းခဲ့သည်။

၃၂။ ဘုရားသခင်က အာဒံနှင့်ဧဝတို့ကို ကိုယ်ခန္ဓာအပြင် မည်သည့်အရာများပေးခဲ့သနည်း။
ဘုရားသခင်သည် သူတို့ကို မသေနိုင်သောအသက်ဝိညာဉ်ပေးခဲ့သည်။

၃၃။ သင့်မှာ ကိုယ်ခန္ဓာကဲ့သို့မသေနိုင်သောဝိညာဉ်ရှိပါသလား။
ကျွန်ုပ်မှာ မသေနိုင်သောဝိညာဉ်ရှိပါသည်။

၃၄။ သင့်မှာ ဝိညာဉ်ရှိကြောင်း မည်သို့ သိရှိသနည်း။
သမ္မာကျမ်းစာက ဖော်ပြထားသောကြောင့် သိရှိသည်။

၃၅။ အာဒံနှင့်ဧဝကို မည်ကဲ့သို့အသက်ရှင်ဖို့ရန် ဘုရားသခင်ကဖန်ဆင်းခဲ့သနည်း။
ဘုရားသခင်က သူတို့ကို သန့်ရှင်း၍ပျော်ရွှင်သောသူများဖြစ်ရန် ဖန်ဆင်းခဲ့သည်။

၃၆။ ပဋိညာဉ်တရားဟူသည် အဘယ်နည်း။
လူနှစ်ဦး(သို့)သုံးဦးအကြားတွင်သန္နိတ္ဌာန်ပြုခြင်းအားဖြင့်မိတ်သဟာရဖွဲ့စာချုပ်ဖြစ်သည်။

၃၇။ ဘုရားသခင်သည် အာဒံနှင့်မည်သည့်ပဋိညာဉ်ကိုပြုခဲ့သနည်း။
လုပ်ဆောင်ချက် ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုခဲ့သည်။

၃၈။ လုပ်ဆောင်ချက်များ ပဋိညာဉ်စာချုပ်တွင် ဘုရားသခင်က အာဒံအားဘာကို တောင်းဆိုခဲ့သနည်း။
သူမှာထားသောစကားများအားလုံးနာခံခြင်းရှိရန် တောင်းဆိုခဲ့သည်။

၃၉။ ထိုပဋိညာဉ်တွင်အာဒံကို ဘုရားသခင်ကမည်သည့်ကတိတော်ပေးခဲ့သနည်း။
သူသည် ဘုရားသခင်စကားကိုနားထောင်လျှင် အသက်ပေးမည်ဟုဘုရားသခင်ကကတိပြုခဲ့သည်။

၄၀။ လုပ်ဆောင်ချက်များပဋိညာဉ်စာချုပ်တွင်ဘုရားသခင်ကဘာကိုကတပြုခဲ့သနည်း။
အာဒံသည် ဘုရားပြောသောစကားကိုနာခံခြင်းမရှိလျှင် သေခြင်းအားဖြင့်ဒဏ်ခတ်မည်ဟုဘုရားသခင်က မိန့်မှာခဲ့သည်။

ရွှေကျမ်းချက်။ ။ "ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီလူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီလူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းတော်မူ၏။" (ကမ္ဘာ ၁း၂၇)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၅)

# လူသားများကျဆုံးခြင်း

၄၁။ အာဒံသည် လုပ်ဆောင်ခြင်းများပဋိညာဉ်ကို စောင့်ထိန်းခဲ့သလား။
မစောင့်ထိန်းပေ။သူသည်ဘုရားသခင်စကားကိုနာမခံခြင်းအားဖြင့် အပြစ်ပြုခဲ့သည်။

၄၂။ အပြစ်ဟူသည် အဘယ်နည်း။
အပြစ်ဟူသည်ဘုရားသခင်၏ပညတ်တော်များ နာခံမှုမရှိခြင်းနှင့်ချိုးဖောက်ခြင်းဖြစ်သည်။

၄၃။ ပညတ်တော် နာခံမှုမရှိခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။
ဘုရားသခင်တောင်းဆိုသောအရာများကိုမလုပ်ဆောင်ခြင်း (သို့)နာမခံခြင်းဖြစ်သည်။

၄၄။ ပညတ်တော်ချိုးဖောက်ခြင်းသည် မည်သည့်အရာကို ဆိုလိုသနည်း။
ဘုရားသခင်တားမြစ်သောအရာများကို ချိုးဖောက်လုပ်ဆောင်ခြင်းဖြစ်သည်။

၄၅။ ပထမဆုံးသောလူသားများပြုသောအပြစ်သည် အဘယ်နည်း။
မစားရန်တားမြစ်ထားသောအသီးကို စားခြင်းဖြစ်သည်။

၄၆။ ဤအပြစ်ပြုရန် မည်သူသည် သူတို့ကို သွေးဆောင်ဖြားယောင်းခဲ့သနည်း။
မာရ်နတ်က ဧဝကို သွေးဆောင်ခဲ့၍၊ သူမက သစ်သီးကို အာဒံအားပေးခဲ့သည်။

၄၇။ အာဒံနှင့်ဧဝတို့အပြစ်ပြုခဲ့ကြသောအခါ မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။
သူတို့သည် သန့်ရှင်း၍ပျော်ရွှင်သောသူများဖြစ်သည့်အစား၊ အပြစ်သားများနှင့် စိတ်ပျက် နံ့ချာဖွယ်ကောင်းသောသူများဖြစ်လာခဲ့ကြသည်။

၄၈။ လုပ်ဆောင်ချက်များပဋိညာဉ်တွင်အာဒံသည် သူ့အတွက်သာသစ္စာဆိုခဲ့သလား။
သူသည် နောင်လာမည့်လူသားအားလုံးကိုယ်စား သစ္စာပြုခဲ့သည်။

၄၉။ အာဒံ၏ဆွေစဉ်မျိုးဆက်များသည် မည်သူတွေဖြစ်ကြသနည်း။
သခင်ယေရှုကလွဲ၍အသက်ရှင်သောလူသားအားလုံးများဖြစ်ကြသည်။

၅၀။ အာဒံ၏အပြစ်ကြောင့်လူသားအားလုံးကို မည်ကဲ့သို့ထိပါးခဲ့သနည်း။
လူသားအားလုံးသည် အပြစ်နှင့်ဒုက္ခများဖြင့် မွေးဖွါးလာကြသည်။

ရွှေကျမ်းချက်။ ။ "သင်နှင့်မိန်းမကို၎င်း၊ သင်၏အမျိုးအနွယ်နှင့်မိန်းမ၏အမျိုးအနွယ်ကို၎င်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်။ သင်သည်သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်ဟုမိန့်တော်မူ၏။" (ကမ္ဘာ ၃း၁၅)



## သင်ခန်းစာ (၆)

# မူလအပြစ်

၅၁။ အာဒံမှဆင့်ကဲဆင့်ကဲအမွေဆက်ခံသောအပြစ်ကို မည်သို့ခေါ်သနည်း။
ဗီဇအပြစ်ဟုခေါ်သည်။

၅၂။ ဗီဇအပြစ်ထဲတွင် မည်သည့်အပြစ်များပါဝင်သနည်း။
အာဒံ၏ပထမဦးဆုံးပြုသောအပြစ်နှင့်နေ့စဉ်ပြုသောအပြစ်များအားလုံးပါဝင်သည်။

၅၃။ အာဒံအားဖြင့်အပြစ်သားဖြစ်ခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။
အာဒံကြောင့်ဘုရားသခင့်မျက်စိတွင် လူသားအားလုံးအပြစ်သားဖြစ်လာခဲ့သည်။

၅၄။ အပြစ်သားဘဝဖြစ်လာခြင်းသည် မည်သည့်အရာကိုဆိုလိုသနည်း။
လူသားများစိတ်ထဲတွင် အပြစ်ပြုလိုသည့်စိတ်အလိုအလျှောက်ဖြစ်လာသည်။

၅၅။ အပြစ်ဟူသမျှ မည်သည့်အရာနှင့်ထိုက်တန်သနည်း။
ဘုရားသခင်၏အမျက်တော်၊ ကျိန်ခြင်းအမင်္ဂလာနှင့်ထိုက်တန်သည်။

၅၆။ ဤဗီဇအပြစ်ဖြင့် လူတစ်ဦးသည် ကောင်းကင်နိုင်ငံတော်သို့ဝင်ရောက်နိုင်မည်လား။
မဝင်ရောက်နိုင်ပေ။ ကောင်းကင်နိုင်ငံသို့ဝင်ရောက်နိုင်ရန်စိတ်နှလုံးပြောင်းလဲရမည်။

၅၇။ စိတ်နှလုံးပြောင်းလဲခြင်းကို မည်ကဲ့သို့ခေါ်သနည်း။
ဒုတိယမွေးဖွါးခြင်းဟုခေါ်ပါသည်။

၅၈။ အပြစ်သားတစ်ဦး၏စိတ်နှလုံးကို မည်သူက ပြောင်းလဲပေးနိုင်သနည်း။
သန့်ရှင်းသောဝိညာဉ်တော်ကသာ ပြောင်းလဲပေးနိုင်သည်။

၅၉။ လုပ်ဆောင်ချက်များပဋိညာဉ်အားဖြင့် လူတစ်ဦးသည် ကယ်တင်ခြင်းရနိုင်မလား။
လုပ်ဆောင်ချက်များပဋိညာဉ်အားဖြင့် မည်သူမျှ ကယ်တင်ခြင်းမရနိုင်ပါ။

၆၀။ လုပ်ဆောင်ချက်များပဋိညာဉ်အားဖြင့် အဘယ်ကြောင့်ကယ်တင်ခြင်းမရနိုင်သနည်း။
အကြောင်းမှာ ကျွန်ုပ်တို့အားလုံးသည် ပညတ်တော်များကိုချိုးဖောက်လျက် အပြစ်စီရင်ခြင်းခံသောသူများဖြစ်ကြသောကြောင့်ဖြစ်သည်။

ရွှေကျမ်းချက်။ ။ "ထိုဒုစရိုက်အပြစ်၌သေလျက်ရှိသောသင်တို့ကိုပင် ဘုရားသခင်သည် အသက်ရှင်စေတော်မူ၏. . . ကြွင်းသောသူတို့ကဲ့သို့ပင်ပကတိအတိုင်းအမျက်တော်ကို ခံရသောသူဖြစ်ကြ၏။" (ဖေက် ၂း၁၊ ၃(ခ))



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၇)

# ကျေးဇူးတော်ပဋိညာဉ် – ၁

၆၁။ ဘုရားသခင်သည် ကျေးဇူးတော်ပဋိညာဉ်စာချုပ်ကို မည်သူနှင့်ချုပ်ဆိုခဲ့သနည်း။

သားတော်၊ ခရစ်တော်နှင့်ကျေးဇူးတော်ပဋိညာဉ်စာချုပ်ချုပ်ဆိုခဲ့သည်။

၆၂။ ကျေးဇူးတော်ပဋိညာဉ်စာချုပ်တွင်ခရစ်တော်သည်မည်သူတွေကို ကိုယ်စားပြုသနည်း။

သူရွေးကောက်သောလောကလူသားများအားလုံးကို ကိုယ်စားပြုသည်။

၆၃။ ကျေးဇူးတော်ပဋိညာဉ်စာချုပ်တွင်ခရစ်တော်သည်မည်သည့်အရာများကို ပြုလုပ်ခဲ့သနည်း။

ပညတ်တော်အားလုံးစောင့်ထိန်းပေးကာလူသားများအပြစ်ကြွေးများပေးဆပ်ပေးခဲ့သည်။

၆၄။ ခရစ်တော်သည် စုံစမ်းနှောင့်ယှက်ခြင်းကိုခံခဲ့သလား။

သူသည် ကျွန်ုပ်တို့ကဲ့သို့ စုံစမ်းနှောင့်ယှက်ခြင်းကို ခံခဲ့ပါသည်။

၆၅။ သခင်ယေရှုသည် အပြစ်ပြုခဲ့ဖူးသလား။

မပြုခဲ့ဘူးပေ။ သူသည် သန့်ရှင်း၍အပြစ်ကင်းကာညစ်ညမ်းမှုနှင့်ကင်းလွတ်သည်။

၆၆။ ဘုရားသခင်၏သားတော်သည် အပြစ်သားများအတွက်မည်သို့အသေခံနိုင်မည်နည်း။

ဘုရားသခင်၏သားတော်၊ ခရစ်တော်သည် နာခံခြင်းနှင့် ဒုက္ခခံနိုင်ရန်အတွက် လူသားတစ်ဦးအဖြစ်လူ့ဇာတိကိုခံယူခဲ့သည်။

၆၇။ ပြစ်ကြွေးပေးဆပ်ကျေအေးစေရန် မည်သို့လုပ်ဆောင်ရမည်နည်း။

ခရစ်တော်သည် အပြစ်သားများနေရာတွင်နာခံစွာအသေခံခြင်းအားဖြင့် ဘုရားသခင်၏အမျက်တော်ပြေစေခဲ့သည်။

ရွှေကျမ်းချက်။ ။ "၄အချိန်ကာလစေ့သောအခါ၊ ငါတို့သည်သား၏အခွင့်အရာကိုခံရ မည်အကြောင်း၊ ၅ပညတ်တရားလက်၌ရှိသောငါတို့ကို ရွေးနှုတ်ခြင်းငှါ၊ မိန်းမဝမ်း၌ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ဘွားမြင်ရသောသားတော်ကို ဘုရားသခင်သည်စေလွှတ်တော်မူ၏။" (ဂလာတိ ၄း၄-၅)



## သင်ခန်းစာ (၈)

# ကျေးဇူးတော်ပဋိညာဉ် – ၂

၆၈။ ကျေးဇူးတော်ပဋိညာဉ်စာချုပ်တွင်ဘုရားသခင်သည်မည်သည့်အရာကို ပြုလုပ်ခဲ့သနည်း။

ခရစ်တော်အသေခံခြင်းကို ကျွန်ုပ်အတွက်ဖြစ်သည်ဟု ယုံကြည်သောသူများအပေါ်ဖြောင့်မတ်စေခြင်း၊ သားဖြစ်ခြင်းအခွင့်ပေးခြင်းနှင့်စင်ကြယ်စေခြင်းစသည်တို့ကို ပေးခဲ့သည်။

၆၉။ ဖြောင့်မတ်ခြင်းတရားဟူသည် အဘယ်နည်း။

အပြစ်သားများအပေါ်ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့်သူတို့ကိုအပြစ်မရှိသောသူများဖြစ်သည်ဟု သတ်မှတ်ခြင်းသည် ဖြောင့်မတ်ခြင်းဖြစ်သည်။

၇၀။ သန့်ရှင်းစင်ကြယ်ခြင်းတရားဟူသည် အဘယ်နည်း။

အပြစ်သားများ၏စိတ်နှလုံးနှင့်ကိုယ်ကျင့်တရားတွင်ဘုရားသခင်ပြုသောသန့်ရှင်းခြင်းအမှုဖြစ်သည်။

၇၁။ အမွေစားအမွေခံဟူသည် အဘယ်နည်း။

ဘုရားသခင်က ကျွန်ုပ်တို့ကိုသူ၏မိသားစုဝင်များအဖြစ်လက်ခံခြင်းနှင့် သူ၏သား သမီးများဖြစ်ရသောအခွင့်ပေးခြင်းကို အမွေစားအမွေခံဟုခေါ်သည်။

၇၂။ ခရစ်တော်သည် မည်သူတွေအတွက် နာခံခြင်းဖြင့်အသေခံခဲ့သနည်း။

ခမည်းတော်ပေးသောရွေးကောက်ခြင်းခံသူများအတွက် အသေခံခဲ့သည်။

၇၃။ ခရစ်တော်သည် ဤလောကတွင် မည်သို့သောဘဝဖြင့်အသက်ရှင်ခဲ့သနည်း။

ဆင်းရဲခြင်းနှင့်ဒုက္ခခံသောဘဝဖြင့်အသက်ရှင်ခဲ့သည်။

၇၄။ ခရစ်တော်သည် မည်သို့အသေခံခဲ့သနည်း။

ကားတိုင်ပေါ်တွင် ရှက်ဖွယ်သောသေခြင်းမျိုးဖြင့်နာကျင်စွာအသေခံခဲ့သည်။

ရွှေကျမ်းချက်။ ။ "ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ခမည်းတော်သည်ငါ့ကိုသိတော်မူ၍၊ ငါသည်လည်းခမည်းတော်ကိုသိသကဲ့သို့ ငါ၏သိုးတို့ကိုငါသိ၏။ ငါ့သိုးတို့သည်လည်းငါ့ကိုသိကြ၏။ ငါသည်ကိုယ်အသက်ကိုသိုးတို့အဖို့အလိုငှါစွန့်၏။" (ယောဟန် ၁၀း၁၄-၁၅)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၉)

# အပြစ်နောင်တရခြင်းနှင့်ယုံကြည်ခြင်း

၇၅။ မည်သူတွေ ကယ်တင်ခြင်းရရှိခဲ့ကြမည်နည်း။
ဘုရားသခင်ရွေးကောက်သောသူများကသာ ကယ်တင်ခြင်းရရှိခဲ့ကြမည်။

၇၆။ဘုရားသခင်သည်သင့်ကိုရွေးကောက်ကြောင်း မည်သို့သိရှိသနည်း။
ကျွန်ုပ်သည်နောင်တရခြင်း၊ခရစ်တော်ကိုယုံကြည်ခြင်းနှင့်သန့်ရှင်းသောအသက်တာရှိရမည်။

၇၇။ နောင်တရခြင်းဟူသည် အဘယ်နည်း။
အပြစ်တရားသည် ဘုရားသခင်ကိုဝမ်းနည်းစေသောကြောင်း အပြစ်ကိုနောင်တရ၍ မုန်းတီးကာ စွန့်လွှတ်နိုင်မည်ဖြစ်သည်။

၇၈။ ခရစ်တော်ကို ယုံကြည်ခြင်းဟူသည် အဘယ်နည်း။
ကယ်တင်ခြင်းရရှိရန်အတွက် ခရစ်တော်တစ်ဦးတည်းသာကိုးစားခြင်းဖြစ်သည်။

၇၉။ ကယ်တင်ခြင်းဟူသည် အဘယ်နည်း။
အပြစ်တရား၏တန်ခိုးမှလွှတ်မြောက်၍ထာဝရအသက်ရရှိခြင်းဖြစ်သည်။

၈၀။ ထာဝရအသက်ရရှိခြင်းဟူသည် အဘယ်နည်း။
ခရစ်တော်အားဖြင့်ဘုရားသခင်ကိုသိခြင်းနှင့်သူနှင့်အတူ အစဉ်ပျော်မွေ့ခြင်းဖြစ်သည်။

၈၁။ သင်သည်နောင်တရကာခရစ်တော်ကိုကိုယ်အလိုအလျောက်ယုံကြည်နိုင်မလား။
မယုံကြည်နိုင်ပေ။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော် တန်ခိုးမပါလျှင်ကျွန်ုပ်မှာ အကောင်းလုပ်နိုင်သောတန်ခိုးမရှိပါ။

၈၂။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကို သင်မည်သို့ရရှိနိုင်မည်နည်း။
သန့်ရှင်းသောဝိညာဉ်တော်ရရှိရန်အတွက် ဘုရားသခင်ထံဆုတောင်းရမည်။

၈၃။ ခရစ်တော်အသေခံခြင်းသည်နှစ်ပေါင်းမည်မျှကြာခဲ့သနည်း။
နှစ်ပေါင်း ၂၀၀၀ နီးပါးကြာခဲ့သည်။

၈၄။ ခရစ်တော်မကြွလာမီ ရှေးသူတော်စင်များကမည်သို့ကယ်တင်ခြင်းရရှိခဲ့ကြသနည်း။
ကြွလာမည့်ကယ်တင်ရှင်ကိုယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရရှိခဲ့ကြသည်။

၈၅။ သူတို့သည် မိမိယုံကြည်ခြင်းကို မည်သို့ထင်ရှားစေခဲ့ကြသနည်း။
ဘုရားသခင်၏ယဇ်ပလ္လင်တော်ပေါ်တွင် ယဇ်ပူဇော်ခြင်းဖြင့်ပြသခဲ့သည်။

၈၆။ ဤယဇ်ပူဇော်ခြင်းများသည် မည်သည့်အရာကို ပုံဆောင်ခဲ့သနည်း။
အပြစ်သားများအတွက်အသေခံမည့်ဘုရားသခင်၏သိုးသငယ်ခရစ်တော်ကို ပုံဆောင်သည်။

ရွှေကျမ်းချက်။။ “ဂယုံကြည်သောအားဖြင့်ကျေးဇူးတော်ကြောင့်ကယ်တင်ခြင်းသို့ ရောက်ရ၏။ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ဘုရားသခင် သနားတော်မူရာဖြစ်သ တည်း။ ၉ကိုယ်ကုသိုလ်ကြောင့်ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍အဘယ်သူမျှဝါကြွားစရာအခွင့်မရှိ။” (ဖေက် ၂း၈-၉)



## သင်ခန်းစာ (၁၀)

# ခရစ်တော်၏ဂုဏ်အင်္ဂါသုံးမျိုး

၈၇။ ခရစ်တော်မှာ ဂုဏ်အင်္ဂါမည်မျှရှိသနည်း။
ခရစ်တော်မှာ ဂုဏ်အင်္ဂါသုံးမျိုးရှိသည်။

၈၈။ ၎င်းတို့ကို ဖော်ပြပါ။
၎င်းတို့မှာ ပရောဖက်ပြုခြင်း၊ ယဇ်ပရောဟိတ်ဖြစ်ခြင်းနှင့်ဘုရင်ဖြစ်ခြင်းတို့ဖြစ်ကြသည်။

၈၉။ ခရစ်တော်သည် မည်ကဲ့သို့ပရောက်တစ်ပါးဖြစ်သနည်း။
သူသည် ကျွန်ုပ်တို့အား ဘုရားသခင်၏အလိုတော်ကို သွန်သင်သည်။

၉၀။ ခရစ်တော်သည် မည်ကဲ့သို့ယဇ်ပရောဟိတ်တစ်ပါးဖြစ်သနည်း။
သူသည် ကျွန်ုပ်တို့ကိုယ်စားအသေခံ၍ဘုရားသခင်ထံဆုတောင်းပေးခဲ့သည်။

၉၁။ ခရစ်တော်သည် ရှင်ဘုရင်တစ်ပါးအဖြစ် မည်သည့်အမှုကို ပြုလုပ်ခဲ့သနည်း။
သူသည် ကျွန်ုပ်တို့ကိုအုပ်စိုးပြီးကွယ်ကာသည်။

၉၂။ ခရစ်တော်သည် ပရောဖက်တစ်ပါးအဖြစ် သင်အဘယ်ကြောင့်လိုအပ်သနည်း။
ကျွန်ုပ်သည် အသိပညာနည်းပါးသောကြောင့်ဖြစ်သည်။

၉၃။ ခရစ်တော်သည် ယဇ်ပရောဟိတ်တစ်ပါးအဖြစ် အဘယ်ကြောင့်သင်လိုအပ်သနည်း။
ကျွန်ုပ်သည် အပြစ်သားဖြစ်သောကြောင့်ဖြစ်သည်။

၉၄။ သင်ခရစ်တော်ကို ရှင်ဘုရင်တစ်ပါးအဖြစ် အဘယ်ကြောင့်လိုအပ်သနည်း။
ကျွန်ုပ်သည် အားနည်း၍ကူညီမည့်သူမရှိသောကြောင့်ဖြစ်သည်။

ရွှေကျမ်းချက်။ ။ “ဘုရားသခင်တစ်ခုတည်းရှိတော်မူ၏။ ဘုရားသခင်နှင့်လူတို့စပ်ကြားမှာ၊ လူဖြစ်သော ယေရှုခရစ်တည်းဟူသောအာမခံတဦးတည်းရှိ၏။” (၁တိ ၂း၅)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၁)

# ပညတ်တော်ဆယ်ပါး

၉၅။ သိနာတောင်ပေါ်တွင် ဘုရားသခင်က ပညတ်တော်မည်မျှ ပေးခဲ့သနည်း။
ပညတ်တော်ဆယ်ပါးပေးခဲ့သည်။

၉၆။ ပညတ်တော်ဆယ်ပါးကို တခါတရံ မည်သို့ခေါ်သနည်း။
Decalogue (လိုက်နာရန်ဥပဒေဆယ်ခု)ဟုခေါ်သည်။

၉၇။ ပထမပိုင်းပညတ်တော်လေးခုများက မည်သည့်အရာကို သွန်သင်သနည်း။
ဘုရားသခင်အပေါ်ကျွန်ုပ်တို့လုပ်ဆောင်ရမည့်တာဝန်ကို ဖော်ပြထားသည်။

၉၈။ နောက်ဆုံးပိုင်းပညတ်တော်ခြောက်ခုများက မည်သည့်အရာကို သွန်သင်သနည်း။
ကျွန်ုပ်တို့လုပ်ဆောင်ဖက်များပေါ်ပြုရမည့်တာဝန်ကို ဖော်ပြထားပါသည်။

၉၉။ ပညတ်တော်ဆယ်ပါး၏အနှစ်ချုပ်သည်အဘယ်နည်း။
ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့ချစ်ခြင်းနှင့်သူတပါးကိုကိုယ်နှင့်အမျှချစ်ခြင်းဖြစ်သည်။

၁၀၀။ သင့်၏အိမ်နီးချင်းများသည် မည်သူတွေဖြစ်ကြသနည်း။
ကျွန်ုပ်ကြင်နာမှုပြသနိုင်သောသူအားလုံးကို ကျွန်ုပ်၏အိမ်နီးချင်းများဖြစ်ကြသည်။

၁၀၁။ ဘုရားသခင်ကိုချစ်၍သူ၏စကားကိုနားထောင်သောသူများအပေါ်ဘုရားသခင်ဝမ်းမြောက်သလား။
ဝမ်းမြောက်ပါသည်။ သူက“ငါ့ကိုချစ်သောသူကိုငါချစ်၏”ဟုပြောပါသည်။ (သုတ္တံ ၈း၁၇)

၁၀၂။ ဘုရားသခင်ကိုမချစ်သူ၏စကားကိုနားမထောင်သောသူများအပေါ်ဘုရားသ ခင်ဝမ်းနည်းသလား။
ဝမ်းနည်းပါသည်။ “မတရားသောသူကိုအစဉ်အမျက်ထွက်တော်မူ၏။” (ဆာလံ ၇း၁၁)

ရွှေကျမ်းချက်။ ။“၃၇ယေရှုက၊ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်လော့ ဟူသောပညတ်သည် ပဌမပညတ်ဖြစ်၏။ ၃၈ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ၃၉ ထိုမှတပါးကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူဒုတိယပညတ်သည် ပဌမပညတ်နှင့်သဘောတူ၏။” (မဿဲ ၂၂း၃၇-၃၉)



## သင်ခန်းစာ (၁၂)

# ပညတ်တော်များ ၁–၃

၁၀၃။ ပဌမပညတ်တော်သည် အဘယ်နည်း။
ပဌမပညတ်တော်ဟူသည် ငါမှတပါးအခြားသောဘုရားကိုမကိုးကွယ်နှင့်ဖြစ်သည်။

၁၀၄။ ပဌမပညတ်တော်က မည်သည့်အရာကို သွန်သင်သနည်း။
ဘုရားသခင်တစ်ပါးတည်းသာကိုးကွယ်ရန်သွန်သင်ထားသည်။

၁၀၅။ ဒုတိယမြောက်ပညတ်တော်သည် အဘယ်နည်း။
ဒုတိယမြောက်ပညတ်တော်သည် - “အထက်မိုဃ်းကောင်းကင်၌၎င်း၊ အောက်အရပ်မြေကြီးပေါ်၌၎င်း၊ မြေကြီးအောက်ရေထဲ၌၎င်းရှိသောအရာနှင့်ပုံသဏ္ဍာန်တူအောင်ရုပ်တုဆင်းတုကို ကိုယ့်အဘို့မလုပ်နှင့်။ ဦးမချဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင်ငါထာဝရဘုရားသည် သင်၌အပြစ်ရှိသည် ဟုယုံလွယ် သောဘုရားငါ့ကိုမုန်းသောသူတို့၏ အမျိုးအစဉ်အဆက်၊ တတိယအဆက်၊ စတုတ္ထအဆက်တိုင်အောင်၊အဘတို့၏အပြစ်ကိုသားတို့၌ဆပ်ပေးစီရင်သော ဘုရား၊ ငါ့ကိုချစ်၍ငါ့ပညတ်တို့ကိုကျင့်သောသူတို့၏အမျိုးအစဉ်အဆက်အထောင်အ သောင်းတိုင်အောင်၊ဂရုဏာကိုပြသော ဘုရားဖြစ်၏။”

၁၀၆။ ဒုတိယမြောက်ပညတ်တော်က မည်သည့်အရာကို ကျွန်ုပ်တို့အားသွန်သင်သနည်း။
ဘုရားသခင်မိန့်မှာသည့်အတိုင်းဘုရားသခင်ကိုကိုးကွယ်ရန် သွန်သင်ထားသည်။

၁၀၇။ တတိယမြောက်ပညတ်တော်သည် အဘယ်နည်း။
တတိယမြောက်ပညတ်တော်သည် -“သင်၏ဘုရားသခင်ထာဝရဘုရား၏ နာမတော်ကိုမုသာနှင့်ဆိုင်၍မမြွက်မဆိုနှင့်။ အကြောင်းမူကား၊ နာမတော်ကို မုသာ နှင့်ဆိုင်၍မြွက်ဆိုသောသူကို အပြစ်မရှိဟုထာဝရဘုရားမှတ်တော်မမူ။”

၁၀၈။ တတိယမြောက်ပညတ်တော်က မည်သည့်အရာကို သွန်သင်သနည်း။
ဘုရားသခင်၏နာမတော်၊ စကားတော်နှင့်လုပ်ဆောင်ချက်များအပေါ်ကြည်ညိုလေးမြတ်ခြင်းရှိရန် သွန်သင်ထားပါသည်။

ရွှေကျမ်းချက်။ ။“ထာဝရဘုရား၏တရားတော်သည် စုံလင်သည်ဖြစ်၍စိတ်ဝိညာဉ်ကိုပြုပြင်တတ်၏။ ထာဝရဘုရား၏သက်သေခံတော်မူချက်သည်ဟုတ်မှန်သည်ဖြစ်၍ မျက်စိကိုလင်းစေတတ်၏။” (ဆာလံ ၁၉း၇)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၃)
# ပညတ်တော် ၄

၁၀၉။ စတုတ္ထမြောက်ပညတ်တော်သည် အဘယ်နည်း။

စတုတ္ထမြောက်ပညတ်တော်သည်- "ဥပုသ်နေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့ရက်၌သင်မှစ၍ သင်၏သားသမီး၊ ကျွန် ယောက်ျားမိန်းမ၊တိရိစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသောဧည့်သည်အာဂန္တုသည်အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုယ်းကောင်းကင်၊မြေကြီး၊သမုဒ္ဒရာ၊ အရပ်ရပ်၌ရှိသမျှတို့ကိုခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုကြောင့် ထာဝရဘုရားသည် သတ္တမနေ့ကို ကောင်းကြီးပေး၍သန့်ရှင်းစေတော်မူ၏။"

၁၁၀။ စတုတ္ထမြောက်ပညတ်တော်က မည်သည့်အရာကို သွန်သင်သနည်း။

ဥပုသ်နေ့ကိုစောင့်ထိန်းရန်သွန်သင်ထားပါသည်။

၁၁၁။ ခရစ်ယာန်များစောင့်ရန်ဥပုသ်နေ့သည် ရက်သတ္တပတ်၏မည်သည့်နေ့ရက်ဖြစ်သနည်း။

ဘုရားသခင်၏နေ့ရက်ဟုခေါ်သော ရက်သတ္တပတ်၏ပထမနေ့ရက်ဖြစ်သည်။

၁၁၂။ ထိုနေ့ကို အဘယ်ကြောင့်ဘုရားသခင်၏နေ့ရက်ဟုခေါ်သနည်း။

ခရစ်တော်သည် ထိုနေ့တွင်သေခြင်းမှထမြောက်ခဲ့သောကြောင့်ဖြစ်သည်။

၁၁၃။ ဥပုသ်နေ့ကို မည်သို့အသုံးပြုသင့်သနည်း။

ဆုတောင်းခြင်းနှင့်ချီးမွမ်းခြင်း၊နှုတ်ကပတ်တော်ကြားနာခြင်းနှင့်ဟောပြောခြင်း၊ ကျွန်ုပ်တို့၏အိမ်နီးချင်းများအပေါ်ကုသိုလ်ပြုခြင်းဖြင့်အသုံးပြုသင့်သည်။

ရွှေကျမ်းချက်။ ။"ထိုကြောင့်၊ ဘုရားသခင်၏အလူတို့အဘို့အလိုငှါငြိမ်ဝပ်ခြင်း ချမ်းသာတမျိုးသည် ကျန်ရစ်သေး၏။" (ဟေဗြဲ ၄း၉)



## သင်ခန်းစာ (၁၄)
# ပညတ်တော်များ ၅-၇

၁၁၄။ ပဥ္စမမြောက်ပညတ်တော်သည် အဘယ်နည်း။

ပဥ္စမမြောက်သောပညတ်တော်သည်- "သင်၏ဘုရားသခင်ထာဝရဘုရားပေးသနားတော်မူသောပြည်၌သင်၏အသက်တာရှည်မည်အကြောင်း၊ သင်၏မိဘကိုရိုသေစွာပြုလော့" ဖြစ်သည်။

၁၁၅။ ပဥ္စမမြောက်ပညတ်တော်က မည်သည့်အရာကို သွန်သင်သနည်း။

ကျွန်ုပ်တို့၏မိဘနှစ်ပါးနှင့်ဆရာသမားများကိုချစ်ရန်နှင့်နာခံရန်သွန်သင်ထားသည်။

၁၁၆။ ဆဋ္ဌမမြောက်ပညတ်တော်သည် အဘယ်နည်း။

ဆဋ္ဌမမြောက်ပညတ်တော်သည် "လူ့အသက်ကိုမသတ်နှင့်"ဖြစ်သည်။

၁၁၇။ ဆဋ္ဌမမြောက်ပညတ်တော်က မည်သည့်အရာကို သွန်သင်သနည်း။

စိတ်ထဲ၌ဖြစ်စေ၊စကားအားဖြင့်ဖြစ်စေ၊ ကိုယ်ကျင့်တရား၌ဖြစ်စေ ငြိမ်သက်ခြင်းရှိရန်နှင့် ချစ်ခြင်းရှိရန်၊ ဒေါသအမျက်ကိုရှောင်ကြဉ်ရန် သွန်သင်ထားပါသည်။

၁၁၈။ သတ္တမမြောက်ပညတ်တော်သည် အဘယ်နည်း။

သတ္တမမြောက်ပညတ်တော်သည်-"သူ့မယားကိုမပြစ်မှားနှင့်။"

၁၁၉။ သတ္တမမြောက်ပညတ်တော်က မည်သည့်အရာကို သွန်သင်သနည်း။

စိတ်နှလုံးသားထဲ၌ဖြစ်စေ၊အပြောအဆိုအားဖြင့်ဖြစ်စေ၊အပြုအမူအားဖြင့်ဖြစ်စေ သန့်ရှင်းခြင်းရှိရန်သွန်သင်ထားပါသည်။

၁၂၀။ အဋ္ဌမမြောက်ပညတ်တော်သည် အဘယ်နည်း။

အဋ္ဌမမြောက်ပညတ်တော်သည်-"သူ့ဥစ္စာကို မခိုးနှင့်။"

၁၂၁။ အဋ္ဌမမြောက်ပညတ်တော်က မည်သည့်အရာကို သွန်သင်သနည်း။

ရိုးသားဖြောင့်မတ်ခြင်းရှိရန်နှင့်ကြိုးစားလုပ်ဆောင်ရန် သွန်သင်ထားပါသည်။

ရွှေကျမ်းချက်။ ။"သားသမီးတို့၊ သခင်ဘုရား၏အလိုတော်နှင့်အညီမိဘစကားကိုနားထောင်ကြလော့။မိဘစကားကိုနားထောင်ခြင်းအမှုသည်တရားသောအမှုဖြစ်၏။" (ဧဖက် ၆း၁)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၅)

# ပညတ်တော်များ ၈–၁၀

၁၂၂။ နဝမမြောက်ပညတ်တော်သည် အဘယ်နည်း။
နဝမမြောက်ပညတ်တော်သည်– "ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌မမှန်သော သက်သေကိုမခံနှင့်။"

၁၂၃။ နဝမမြောက်ပညတ်တော်သည် မည်သည့်အရာကို သွန်သင်သနည်း။
သမ္မာတရားကိုပြောရန်နှင့်လိမ်ညာသောစကားမပြောရန်သွန်သင်ထားပါသည်။

၁၂၄။ ဒသမမြောက်ပညတ်တော်သည် အဘယ်နည်း။
ဒသမမြောက်ပညတ်တော်သည်– "ကိုယ်နှင့်စပ်ဆိုင်သောသူ၏အိမ်ကိုတပ်မက်လို ချင်သောစိတ်မရှိစေနှင့်။ ကိုယ်နှင့်စပ်ဆိုင်သောသူ၏မယားသူ၏ကျွန်ယောကျ်ားမိန်းမနွား၊ မြည်းမှစ၍ကိုယ်နှင့်စပ်ဆိုင်သောသူ၏ဥစ္စာတစုံတခုကိုမျှ တပ်မက်လိုချင်သော စိတ်မရှိစေနှင့်။"

၁၂၅။ ဒသမမြောက်ပညတ်တော်သည် မည်သည့်အရာကို သွန်သင်သနည်း။
ကျွန်ုပ်တို့လက်ရှိဖြစ်နေသောဘဝဖြင့်ရောင့်ရဲခြင်းရှိရန်သွန်သင်ထားပါသည်။

၁၂၆။ ဤပညတ်တော်ဆယ်ပါးကို ပြည့်စုံစွာစောင့်ထိန်းနိုင်သူရှိသလား။
အာဒံကျဆုံးသည့်အချိန်မှစ၍ ပညတ်တော်ဆယ်ပါးကို စောင့်ထိန်းသောသူ (သို့) စောင့်ထိန်းနိုင်သောသူတစ်ဦးမျှမရှိပေ။

၁၂၇။ ပညတ်တော်ဆယ်ပါးသည် ကျွန်ုပ်တို့အား မည်သည့်အရာကို သွန်သင်သနည်း။
ကျွန်ုပ်တို့လုပ်ဆောင်ရမည့်တာဝန်နှင့် ကယ်တင်ရှင်တစ်ပါးလိုအပ်ကြောင်းသွန် သင်ထားပါသည်။

၁၂၈။ ကျွန်ုပ်တို့သည် ပညတ်တော်ဆယ်ပါးတို့ကို မည်ကဲ့သို့စောင့်ထိန်းနိုင်မည်နည်း။
ကျွန်ုပ်တို့သည် မေတ္တာဖြင့်နာခံခြင်းရှိ၍ သခင်ယေရှုကို ကျေးဇူးတင်ရမည်။

ရွှေကျမ်းချက်။ ။ "အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကိုကြောက်ရွံ့၍ပညတ်တော်တို့ကိုစောင့်ရှောက်လော့။ ဤရွေ့ကား၊ လူနှင့်ဆိုင်သောအမှုအရာအလုံးစုံတို့ကိုချုပ်ခြာသတည်း။" (ဒေသနာ ၁၂း၁၃)



## သင်ခန်းစာ (၁၆)

# ပဌနာတော်

၁၂၉။ ဆုတောင်းခြင်းဟူသည် အဘယ်နည်း။
ဘုရားသခင်ကပေးမည်ဟု ကတိပေးသောအရာများဘုရားသခင်ထံတောင်း လျှောက်ခြင်းဖြစ်သည်။

၁၃၀။ ကျွန်ုပ်တို့သည် မည်သူ့နာမကို အမှီပြု၍ဆုတောင်းသင့်သနည်း။
ခရစ်တော်နာမကိုသာအမှီပြု၍ဆုတောင်းရမည်ဖြစ်သည်။

၁၃၁။ ခရစ်တော်ပေးသောဆုတောင်းခြင်းကို မည်သို့ခေါ်သနည်း။
ပဌနာတော်ဟုသည်။

၁၃၂။ ပဌနာတော်ကို ရွတ်ဆိုပါ။
ကောင်းကင်ဘုံ၌ရှိတော်မူသောကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ်ခြင်းရှိပါစေသော။
နိုင်ငံတော်တည်ထောင်ပါစေသော။
အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာပြည့်စုံပါစေသော။
အသက်မွေးလောက်သောအစာကိုအကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ။
သူတပါးသည်အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကိုအကျွန်ုပ်တို့သည်လွှတ်သကဲ့ သို့အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ။
အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်းကယ်နှုတ်တော်မူပါ။
အစိုးပိုင်သောအခွင့်နှင့်ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏။အာမင်။

၁၃၃။ ပဌနာတော်တွင် ဆုတောင်းချက်မည်မျှရှိသနည်း။
ခြောက်ခုရှိသည်။

ရွှေကျမ်းချက်။ ။ "တောင်းကြလော့။တောင်းလျှင်ရမည်။ ရှာကြလော့။ လျှာလျှင်တွေ့မည်။ တံခါးကိုခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။" (မဿဲ ၇း၇)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၇)

# ဆုတောင်းချက်များ ၁–၃

၁၃၄။ ပထမဆုတောင်းချက်သည် မည်သည့်အရာဖြစ်သနည်း။

"ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ်ခြင်းရှိပါစေသော" ဖြစ်သည်။

၁၃၅။ ပထမဆုတောင်းချက်တွင် မည်သည့်အရာကိုကျွန်ုပ်တို့တောင်းလျှောက်ရမည်နည်း။

ဘုရားသခင်၏နာမတော်ကိုလူတိုင်းကကြည်ညိုလေးမြတ်ခြင်းရှိရန် တောင်းရမည်။

၁၃၆။ ဒုတိယဆုတောင်းချက်သည် မည်သည့်အရာဖြစ်သနည်း။

"နိုင်ငံတော်တည်ထောင်ပါစေသော" ဖြစ်သည်။

၁၃၇။ ဒုတိယဆုတောင်းချက်တွင် မည်သည့်အရာကို ကျွန်ုပ်တို့တောင်းလျှောက်ရမည်နည်း။

သတင်းကောင်းကိုကမ္ဘာတစ်ဝှမ်းလုံး၌ပျံ့နှံ့စေရန်နှင့်လူတိုင်းကယုံကြည်လက်ခံခြင်းရှိရန် တောင်းလျှောက်ရမည်။

၁၃၈။ တတိယမြောက်ဆုတောင်းချက်သည် မည်သည့်အရာဖြစ်သနည်း။

"အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့မြေကြီးပေါ်မှာပြည့်စုံပါစေသော" ဖြစ်သည်။

၁၃၉။ တတိယမြောက်ဆုတောင်းခြင်းတွင် မည်သည့်အရာကိုကျွန်ုပ်တို့တောင်းလျှောက်ရမည်နည်း။

ကောင်းကင်ဘုံ၌ရှိသောကောင်းကင်တမန်များကဘုရားသခင်ကိုအစေခံသည့်နည်းတူလောက၌ရှိသောလူသားများကအစေခံရန်အတွက်ဖြစ်သည်။

ရွတ်ကျမ်းချက်။ ။"အိုအကျွန်ုပ်တို့၏ဘုရားရှင်ထာဝရဘုရား၊နာမတော်သည် မြေကြီးတပြင်လုံး၌အလွန်ကြီးမြတ်တော်မူ၏။ ဘုန်းအာနုဘော်တော်သည် မိုဃ်းကောင်းကင်ပေါ်မှာတည်လျက်ရှိပါ၏။" (ဆာလံ ၈း၁)



## သင်ခန်းစာ (၁၈)

# ဆုတောင်းချက်များ၄–၆

၁၄၀။ စတုတ္ထမြောက်ဆုတောင်းချက်သည် မည်သည့်အရာဖြစ်သနည်း။

"အသက်မွေးလောက်သောအစာကိုအကျွန်ုပ်တို့အားယနေ့ပေးသနားတော်မူပါ" ဖြစ်သည်။

၁၄၁။ စတုတ္ထမြောက်ဆုတောင်းချက်တွင် မည်သည့်အရာကို ကျွန်ုပ်တို့တောင်းရမည်နည်း။

ကျွန်ုပ်တို့၏ခန္ဓာကိုယ်နှင့်ဝိညာဉ်အတွက်လိုအပ်သောအရာများရရှိရန် ဘုရားသခင်ထံ တောင်းလျှောက်ရမည်ဖြစ်သည်။

၁၄၂။ ပဉ္စမမြောက်ဆုတောင်းချက်သည် မည်သည့်အရာဖြစ်သနည်း။

"သူတပါးသည်အကျွန်ုပ်တို့ကိုပြစ်မှားသောအပြစ်များကိုအကျွန်ုပ်တို့သည်လွှတ်သကဲ့သို့ အကျွန်ုပ်တို့၏အပြစ်များကို လွှတ်တော်မူပါ" ဖြစ်သည်။

၁၄၃။ ပဉ္စမမြောက်ဆုတောင်းခြင်းတွင် မည်သည့်အရာကိုကျွန်ုပ်တို့တောင်းရမည်နည်း။

ဘုရားသခင်သည်ခရစ်တော်အားဖြင့် ကျွန်ုပ်တို့အပြစ်များကိုခွင့်လွှတ်ရန်နှင့် ကျွန်ုပ်တို့ကိုစိတ်နာစေသောသူများကိုလည်းခွင့်လွှတ်နိုင်ရန်ဆုတောင်းခြင်းဖြစ်သည်။

၁၄၄။ ဆဋ္ဌမမြောက်ဆုတောင်းခြင်းသည် မည်သည့်အရာဖြစ်သနည်း။

"အပြစ်သွေးဆောင်ရာသို့မလိုက်မပါစေဘဲ၊ မကောင်းသောအမှုအရာမှလည်းကယ်နှုတ်တော်မူပါ" ဖြစ်သည်။

၁၄၅။ ဆဋ္ဌမမြောက်ဆုတောင်းခြင်းတွင် မည်သည့်ဆုကိုကျွန်ုပ်တို့တောင်းရမည်နည်း။

ဘုရားသခင်က ကျွန်ုပ်တို့ကိုအပြစ်မှကွယ်ကာရန်ဆုတောင်းရမည် ဖြစ်သည်။

ရွတ်ကျမ်းချက်။ ။"ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်ကိုရှေ့ဦး စွာရှာကြလော့။ နောက်မှထိုအရာများကိုထပ်၍ပေးတော်မူလတံ့" (မဿဲ ၆း၃၃)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၁၉)

# ကျေးဇူးတော်၏ရည်ရွယ်ချက်များ

၁၄၆။ ကျေးဇူးတော်လုပ်ဆောင်ပေးသောအရာသည် မည်သည့်အရာဖြစ်သနည်း။
ကျွန်ုပ်တို့သည် ခရစ်တော်၌တိုးတက်ကြီးထွားမှုရှိရန်အတွက် ဘုရားသခင်ပြင် ဆင်ပေး ထားသောအရာဖြစ်သည်။

၁၄၇။ ကျေးဇူးတော်၏သာမန်လုပ်ဆောင်ပေးခြင်းသည် မည်သည့်အရာဖြစ်သနည်း။
ဘုရားသခင်၏နှုတ်ကပတ်တော်ဖတ်ရှုကြားနာခြင်း၊ ဘာသာရေးပွဲတော်မင်္ဂလာ၌ပါ ဝင်ခြင်းနှင့်ဆုတောင်းခြင်းတို့ဖြစ်ကြသည်။

၁၄၈။ ပွဲတော်မင်္ဂလာမည်မျှရှိသနည်း။
နှစ်ခုရှိသည်။

၁၄၉။ ၄င်းတို့ကို ဖော်ပြပါ။
နှစ်ခြင်းမင်္ဂလာခံယူခြင်းနှင့်ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းဖြစ်သည်။

၁၅၀။ ဤပွဲတော်မင်္ဂလာကိုသုံးဆောင်ရန် မည်သူက မိန့်မှာခဲ့သနည်း။
သခင်ယေရှုခရစ်တော်က မိန့်မှာခဲ့သည်။

၁၅၁။ ခရစ်တော်က ဤပွဲတော်မင်္ဂလာများသုံးဆောင်ရန်အဘယ်ကြောင့်မိန့်မှာခဲ့သနည်း။
တပည့်တော်များသည် အယုံကြည်သူများနည်းတူအသက်မရှင်ရန်၊ သူတို့ကိုခွန်အား ပေးရန်နှင့်နှစ်သိမ့်ပေးရန်အတွက် ပွဲတော်မင်္ဂလာသုံးဆောင်ခြင်းဖြစ်သည်။

ရွှေကျမ်းချက်။ ။“၁၈ယေရှုသည် အနီးအပါးသို့ချဉ်းကပ်တော်မူပြီးလျှင်၊ ကောင်းကင်ဘုံ ၌၄င်း၊မြေကြီးပေါ်၌၄င်း၊စီရင်ပိုင်သောအခွင့်ရှိသမျှတို့ကိုငါခံရပြီ။ ၁၉သင်တို့ သွား၍လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊သန့် ရှင်းသောဝိညာဉ်တော်၏နာမ၌ဗတ္တိဇံကိုပေးကြလော့၊၂၀ငါသည် သင်တို့အား ပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါဆုံးမသြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်ဆုံးသည်တိုင်အောင်သင်တို့နှင့်အတူအစဉ်မ ပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။” (မဿဲ ၂၈း၁၈-၂၀)



## သင်ခန်းစာ (၂၀)

# နှစ်ခြင်းမင်္ဂလာ

၁၅၂။ နှစ်ခြင်းမင်္ဂလာခံယူရာတွင် မည်သည့်လုပ်ဆောင်မှုပုံစံကိုအသုံးပြုသနည်း။
ရေဖြင့်ဆေးကြောခြင်းကို အသုံးပြုသည်။

၁၅၃။ ဤလုပ်ဆောင်ချက်သည်မည်သည့်အရာကို ပုံဆောင်ထားသနည်း။
ခရစ်တော်၏အသွေးတော်ကအပြစ်များဆေးကြောပေးခြင်းကိုပုံဆောင်ထားသည်။

၁၅၄။ ကျွန်ုပ်တို့သည် မည်သူ့နာမအားဖြင့် ရေနှစ်ခြင်းခံရကြသနည်း။
ခမည်းတော်၊သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်နာမအားဖြင့်ရေနှစ်ခြင်းခံကြသည်။

၁၅၅။ မည်သူတွေ ရေနှစ်ခြင်းခံကြသနည်း။
ယုံကြည်သူများနှင့်သူတို့၏အိမ်သူအိမ်သားများရေနှစ်ခြင်းခံကြသည်။

၁၅၆။ ယုံကြည်သူများ၏သားသမီးများသည် အဘယ်ကြောင့်နှစ်ခြင်းခံရကြသနည်း။
ပဋိညာဉ်တရားနှင့်ပတ်သက်၍ကတိတော်ကို သူတို့သည်လည်းခံစားရသော ကြောင့်ဖြစ် သည်။

၁၅၇။ ခရစ်တော်သည် ငယ်ရွယ်သောကလေးများကို ဂရုစိုက်သလား။
ဂရုစိုက်သည်။ သူက “ကလေးသူငယ်များငါ့ထံသို့လာရန် မဆီးတားကြပါနှင့်၊ အကြောင်း မူကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်သည်”ဟုမိန့်မှာခဲ့သည်။

၁၅၈။ နှစ်ခြင်းမင်္ဂလာခံယူခြင်းသည် သင့်ကိုမည်ကဲ့သို့သောသူဖြစ်ကြောင်းထင်ရှားစေသနည်း။
ခရစ်တော်၏စစ်မှန်သောနောက်လိုက်သူဖြစ်ကြောင်းထင်ရှားစေခဲ့သည်။

၁၅၉။ ခရစ်ယာန်သားသမီးများကို ရေနှစ်ခြင်းခံခဲ့ကြသလား။
ခံခဲ့ကြသည်။ သို့သော် အမှန်တကယ်နောင်တရသူများနှင့်ခရစ်တော်ကိုယုံကြည် သောသူများကသာ ကယ်တင်ခြင်းရရှိသည်။

ရွှေကျမ်းချက်။ ။“အကြောင်းမူကား၊ ဂတိတော်သည်သင်တို့နှင့်၄င်း၊ သင်တို့၏သား သမီးတို့နှင့်၄င်း၊ ဝေးသောသူတို့တွင်ငါတို့၏ဘုရားသခင်ထာဝရဘုရား ခေါ်တော်မူသမျှသောသူတို့နှင့်၄င်းဆိုင်သည်ဟုဟော၏။”(တမန်တော် ၃၂း၃၉)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၁)

# ပွဲတော်မင်္ဂလာ

၁၆၀။ ပွဲတော်မင်္ဂလာသည် မည်သည့်အရာဖြစ်သနည်း။
ခရစ်တော်၏ညှဉ်းပန်းနှိပ်စက်မှုခံခြင်းနှင့်အသေခံခြင်းကို အောက်မေ့သတိရခြင်းအားဖြင့် မုန့်နှင့်စပျစ်ရည်ကို သုံးဆောင်ခြင်းဖြစ်သည်။

၁၆၁။ မုန့်သည် မည်သည့်အရာကို ကိုယ်စားပြုသနည်း။
ကျွန်ုပ်တို့၏အပြစ်အတွက်ချိုးဖဲ့ခြင်းခံသောခရစ်တော်၏ကိုယ်ခန္ဓာကိုကိုယ်စားပြုသည်။

၁၆၂။ စပျစ်ရည်သည် မည်သည့်အရာကို ကိုယ်စားပြုသနည်း။
ကျွန်ုပ်တို့၏ကယ်တင်ခြင်းအတွက်သွန်းလောင်းခြင်းခံသောခရစ်တော်၏အသွေးတော်ကိုကိုယ်စားပြုသည်။

၁၆၃။ ပွဲတော်မင်္ဂလာကို မည်သူတွေက သုံးဆောင်ကြသနည်း။
အပြစ်နောင်တရသောသူများ၊ ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်ယုံကြည်သောသူများနှင့် ကိုယ်နှင့်စပ်ဆိုင်သောသူများချစ်သောသူများက သုံးဆောင်ကြသည်။

၁၆၄။ ပွဲတော်မင်္ဂလာကို မည်သို့သုံးဆောင်ရသနည်း။
ကျွန်ုပ်တို့၏နှလုံးသားထဲ၌သခင်ယေရှုကိုယုံကြည်ခြင်းနှင့်ချစ်ခြင်းအားဖြင့်သုံးဆောင်ရမည်။

၁၆၅။ ပွဲတော်မင်္ဂလာထိုက်တန်စွာသုံးဆောင်ခြင်း၏ကောင်းကျိုးသည်အဘယ်နည်း။
ဝိညာဉ်ရေးရာ၌ရှင်သန်ခြင်းနှင့်ကျေးဇူးတော်၌ကြီးထွားခြင်းဖြစ်သည်။

၁၆၆။ ပွဲတော်မင်္ဂလာမထိုက်တန်ဘဲသုံးဆောင်ခြင်း၏ဆိုးကျိုးသည်အဘယ်နည်း။
ဘုရားသခင်၏တရားစီရင်ခြင်းခံရခြင်းဖြစ်သည်။

ရွှေကျမ်းချက်။ ။"အကြောင်းမူကား၊သင်တို့သည် ထိုမုန့်ကိုစား၍ခွက်ကိုသောက်သော အခါခါ၊ဘုရားသခင်အသေခံတော်မူခြင်းကိုကြွလာတော်မမူမီတိုင်အောင် ပြကြ၏။" (၁ကော ၁၁း၂၆)



## သင်ခန်းစာ (၂၂)

# နောက်ဆုံးသောအရာများ

၁၆၇။ ခရစ်တော်သည် အသေခံပြီးနောက်သင်္ချိုင်းဂူထဲတွင် ကျန်ရစ်ထားခဲ့ပါသလား။
သူသည်သင်္ဂြိုဟ်ပြီးသုံးရက်မြောက်သောနေ့တွင် သင်္ချိုင်းတွင်းမှထမြောက်ခဲ့သည်။

၁၆၈။ ယခုခရစ်တော်သည် မည်သည့်နေရာတွင်ရှိသနည်း။
ကောင်းကင်နိုင်ငံတော်တွင်ရှိ၍ ကျွန်ုပ်တို့အတွက်ကိုယ်စားပြုတောင်းပေးသည်။

၁၆၉။ သူသည် တဖန်ပြန်လာဦးမည်လော။
ခရစ်တော်သည်နောက်ဆုံးသောနေ့တွင်လောကကိုတရားစီရင်ရန် ပြန်လည်ကြွလာမည်။

၁၇၀။ လူတွေသေသောအခါ မည်ကဲ့သို့ဖြစ်သွားကြမည်နည်း။
သူတို့၏ခန္ဓာကိုယ်သည်မြေမှုန့်သို့ပြန်သွားကာ သူတို့ဝိညာဉ်သည်ကောင်းကင်နိုင်ငံ (သို့) ငရဲမီးအိုင်ထဲသို့သွားရမည်ဖြစ်သည်။

၁၇၁။ သေသောခန္ဓာကိုယ်သည်အသက်ရှင်သောဘဝဖြင့်ပြန်ထမြောက်လိမ့်မည်လော။
"တံပိုးမှုတ်သောအခါ သေသူအားလုံးထမြောက်လိမ့်မည်။"

၁၇၂။ တရားစီရင်သောနေ့တွင် ဆိုးသွမ်းသောသူများအပေါ်မည်သည့်အရာဖြစ်ပျက်မည်နည်း။
သူတို့သည် ငရဲမီးအိုင်ထဲသို့ပစ်ချခြင်းခံရကြလိမ့်မည်။

၁၇၃။ ငရဲမီးအိုင်သည် မည်သည့်အရာဖြစ်သနည်း။
ဆိုးရွားမှုနှင့်အဆုံးမရှိသောညှဉ်းပန်းနှိပ်စက်မှုနှင့်ပြစ်ဒဏ်စီရင်မှုခံသောနေရာဖြစ်သည်။

၁၇၄။ ဖြောင့်မတ်သောသူများသည် မည်သို့ဖြစ်လာကြမည်နည်း။
သူတို့သည်ကောင်းကင်နိုင်ငံတော်သို့ချီဆောင်ခြင်းခံရကြမည်။

၁၇၅။ ကောင်းကင်နိုင်ငံတော်သည် မည်သည့်အရာဖြစ်သနည်း။
ဖြောင့်မတ်သောသူများသည်ဘုရားသခင်နှင့်အတူအစဉ်ပျော်ရွှင်သောနေရာ၊ဘုန်းတော်နှင့် ပြည့်စုံသောနေရာဖြစ်သည်။

ရွှေကျမ်းချက်။ ။"သို့သော်နောက်ဆုံးသောတံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင်မျက် စိတ မှိတ်၌ ငါတို့ရှိသမျှသည်ပြောင်းလဲခြင်းသို့ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန် ရောက်သောအခါ၊ သေလွန်သောသူတို့သည် မပုပ်နိုင် သောအဖြစ်၌တည် လျက် ထမြောက်၍ရှိသမျှတို့သည် ပြောင်းလဲခြင်းသို့ရောက်ရကြလိမ့်မည်" (၁ကော ၁၅း၅၂)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၃)

# ပြောင်းလဲမှုသမိုင်း ၁

၁။ အသစ်ပြုပြင်ပြောင်းလဲမှုသည် မည်သည့်အရာကိုဆိုလိုသနည်း။
အသစ်ပြုပြင်ပြောင်းလဲမှုသည် ရောမကာသိုလစ်အသင်းတော်၏မှားယွင်းသောသွန်သင်မှုများမှ သမ ္မာကျမ်းစာတစ်ခုတည်းသွန်သင်သောသမ္မာတရားသို့တိုးတက် ပြောင်းလဲတွေးခေါ်ခြင်းကို ခေါ်သည်။

၂။ John Wycliffe သည် မည်သူဖြစ်သနည်း။
John Wycliffe သည် သမ္မာကျမ်းစာကို အင်္ဂလိပ်ဘာသာစကားသို့ဘာသာပြန်ရေးသားသောသူဖြစ်သည်။

၃။ John Huss သည် မည်သူဖြစ်သနည်း။
John Huss သည်သူနေထိုင်သော ဘိုဟေမီးယားနိုင်ငံတွင် ကျမ်းစာ၏မြင့်မြတ်သောသမ္မာတရားများကို သွန်သင်ခဲ့သောသူဖြစ်သည်။

၄။ Johann Gutenberg သည် မည်သူဖြစ်သနည်း။
Johann Gutenberg သည် ပြောင်းရွှေ့၍ရသောပုံနှိပ်စက်ကို စတင်တီထင်ခဲ့သော ဂျာမန်လူမျိုးတစ်ဦးဖြစ်သည်။

၅။ Martin Luther သည် မည်သူဖြစ်သနည်း။
Martin Luther သည် ဂျာမနီနိုင်ငံတွင် ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်သာလျှင်ကယ်တင်ခြင်းရရှိသည်ဟူသောသွန်သင်ခြင်းအားဖြင့် အသစ်ပြုပြင်ပြောင်းလဲမှုကိုအစပြုခဲ့သောသူဖြစ်သည်။

၆။ Ulrich Zwingli သည် မည်သူဖြစ်သနည်း။
Ulrich Zwingli သည်ဆွီဇာလင်နိုင်ငံ ဇူရိ(ခ်ျ) (Zurich) တွင် အသစ်တဖန် ပြုပြင်ပြောင်းလဲမှုယူဆောင်ခဲ့သောသူဖြစ်သည်။

ရွှေကျမ်းချက်။ ။"ထိုကြောင့်၊ ဤမျှလောက်များစွာသောသက်သေအပေါင်းတို့သည် ငါတို့ကိုဝိုင်းရံလျက်ရှိကြသည်ဖြစ်၍ ငါတို့သည်ခပ်သိမ်းသောဝန်တို့ကိုင်၄်း၊ နှောင့်ရှက်တတ်သောဒုစရိုက်ကိုင၄်းပယ်ရှား၍၊ ငါတို့မျက် မှောက်၌ထားသောပန်းတုံးတိုင်သို့ရောက်ခြင်းငှါ၊ အားမလျှော့ဘဲပြေးကြကုန်အံ့။" (ဟေဗြဲ ၁၂း၁)



## သင်ခန်းစာ (၂၄)

# ပြောင်းလဲမှုသမိုင်း ၂

၇။ William Farel သည် မည်သူဖြစ်သနည်း။
William Farel သည် ရဲရင့်စွာတရားဟောခြင်းအားဖြင့် Geneva Switzerland နိုင်ငံသို့ အသစ်ပြုပြင်ပြောင်းလဲမှု ယူဆောင်လာစေခဲ့သူဖြစ်သည်။

၈။ John Calvin သည် မည်သူဖြစ်သနည်း။
John Calvin သည် ပြင်သစ်သင်းအုပ်ဆရာဖြစ်၍သူ၏တရားဟောခြင်းအားဖြင့် အယူဝါဒနှင့်ကိုးကွယ်ခြင်း၌ အပြစ်ပြုပြင်ပြောင်းလဲမှုပို၍ကောင်းမွန်စေကာ အားသန်စေခဲ့သူဖြစ်သည်။

၉။ John Knox သည် မည်သူဖြစ်သနည်း။
John Knox သည် စကော့တလင်လူမျိုးအမှုတော်ဆောင်တစ်ပါးဖြစ်၍ စကော့တလန်နိုင်ငံတွင်အသစ်ပြုပြင်ပြောင်းလဲမှုယူဆောင်ခြင်း၌ကူညီသူနှင့် Presbyterian ခံယူချက်၏ဖခင်ကြီးလည်းဖြစ်သည်။

၁၀။ Wesminster Assembly ယုံကြည်သူများသည် မည်သူတွေဖြစ်ကြသနည်း။
လွန်ခဲ့သော နှစ်ပေါင်း ၃၆၀တွင် လန်ဒန်မြို့တွင် ကျွန်ုပ်တို့အသုံးပြုနေသောခံယူချက်နှင့် သမ္မာကျမ်းစာအမေးအဖြေများကိုရေးသားသောWesminster Abbey ၌ရှိဘုရားတရားကိုင်းရှိုင်းသူများဖြစ်ကြသည်။

ရွှေကျမ်းချက်။ ။"ယုံကြည်ခြင်းကို အစအဦး၌စီရင်၍စုံလင်စေတော်မူသောသခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့်၊ ရှက်ကြောက်သောအရာကိုမမှတ်ဘဲ လက်ဝါးကပ်တိုင်၌ခံပြီးမှ၊ ဘုရားသခင်၏ပလ္လင်တော် လက်ျာဘက်၌ထိုင်နေတော်မူ၏။" (ဟေဗြဲ ၁၂း၂)



Copyright © Gratia Dei Sola Media

## သင်ခန်းစာ (၂၅)

# Calvinism ခံယူချက် ငါးခုများ

၁။ Calvinism ခံယူချက်ငါးခုတို့သည် မည်သည့်အရာဖြစ်သနည်း။
ကျွန်ုပ်တို့၏ကယ်တင်ခြင်းနှင့်ပတ်သက်၍သမ္မာကျမ်းစာမှ John Calvin သွန်သင်မှုများ အကျဉ်းချုံးပြဌာန်းထားသောခံယူချက်ဖြစ်သည်။

၂။ Calvinism ခံယူချက်ထဲမှ ပထမအချက်ကိုဖော်ပြပါ။
*လုံးဝဥဿုံပျက်ဆီးခြင်းဖြစ်သည်။* လူသားများသည် အပြစ်သားများဖြစ်၍ သူတို့၏ အတွေးနှင့်ပြောဆိုချက်များသည်ဒုစရိုက်အပြစ်ဖြစ်သောကြောင့် သူတို့သည် မိမိ ကိုယ်ကိုယ် မကယ်တင်နိုင်ပေဟုယုံကြည်ခြင်းဖြစ်သည်။

၃။ Calvinism ခံယူချက်ငါးခုထဲမှ ဒုတိယအချက်ကို ဖော်ပြပါ။
*အခြေအနေပေါ်မမူတည်သောရွေးကောက်ခြင်းဖြစ်သည်။* ဘုရားသခင်ကသူ၏အလိုတော်အတိုင်းလူတွေကိုရွေးကောက်၍၄င်းရွေးကောက်ခြင်းခံသောသူများသည် မိမိပြုသောကောင်းမှုကြောင့်မဟုတ်ပေဟူသောအဓိပ္ပါယ်ကိုဆောင်ပါသည်။

၄။ Calvinism ခံယူချက်ငါးခုထဲမှ တတိယအချက်ကိုဖော်ပြပါ။
*ကန့်သတ်ထားသောရွေးနှုတ်ကယ်တင်ခြင်းဖြစ်သည်။* ခရစ်တော်ဒုက္ခခံခြင်းနှင့်အသေခံခြင်းသည် သူရွေးကောက်သောသူများအတွက်ဖြစ်သည်ဟု အဓိပ္ပါယ်တက်ရောက်သည်။

၅။ Calvinism ခံယူချက်ငါးခုမှစတုတ္ထအချက်ကို ဖော်ပြပါ။
*ငြင်းပယ်၍မရသောကျေးဇူးတော်ဖြစ်သည်။* သန့်ရှင်းသောဝိညာဉ်တော်သည်ဘုရားသခင်ရွေးကောက်သောသူများကြားတွင် အလုပ်လုပ်ခြင်းအားဖြင့်ဘုရားသခင်ရွေးကောက်သောသူများကသာ ကယ်တင်ခြင်းရရှိမည်ဟုအဓိပ္ပါယ်ကိုဆောင်သည်။

၆။ Calvinism ခံယူချက်ငါးခုမှ ပဥ္စမမြောက်အချက်ကို ဖော်ပြပါ။
*သန့်ရှင်းသူများကွယ်ကာစောင့်မခြင်းဖြစ်သည်။* စစ်မှန်သောခရစ်ယာန်များသည်ခရစ်ယာန်တစ်ဦးဖြစ်ခြင်းမှမရပ်တန့်နိုင်ခြင်းကိုဆိုလိုသည်။

*ရွှေကျမ်းချက်။* ။"ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကိုကယ်တင်ခြင်းငှါ၊ဤလောကသို့ကြွလာတော်မူသည်ဟူသောစကားသည်သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ခံယူအပ်သောစကားလည်းဖြစ်၏။ အပြစ်ရှိသောသူတို့တွင်ငါသည် အကြီးဆုံးဖြစ်၏။" (၁တိ ၁း၁၅)



# Catechism Regime Guideline

1. **Toddler's Class** (understanding to 5 years old)
    a. Toddler's Catechism (52 Questions)
    b. My Bible Story Book by Dena Korfker (270 stories)
2. **Beginners I** (6/7 years old)
    a. Bible History Catechism – Beginners Book 1 of 3
    b. Bible History Catechism – Beginners Book 2 of 3
3. **Beginners II** (7/8 years old)
    a. Bible History Catechism – Beginners Book 3 of 3
    b. Catechism for Young Children – Intro to WSC
4. **Juniors I** (8/9 years old)
    a. Bible History Catechism – Juniors Book 1 of 2
    b. Bible History Catechism – Juniors Book 2 of 2
5. **Juniors II** (9/10 years old)
    Doctrine for Younger Children books A & B by James Beeke (20 lessons)
    Memory Verses / Character Building Supplement
6. **Seniors I** (10/11 years old)
    a. Bible History Catechism – Seniors Book 1 of 2
    b. Bible History Catechism – Seniors Book 2 of 2
7. **Seniors II** (11/12 years old)
    a. Westminster Shorter Catechism (107 Questions)
    b. Doctrinal Review
8. **Teens & Young Adults**
    Doctrine for Older Children books A & B by James Beeke (20 lessons)
    Westminster Confession of Faith

The above catechism class regime is for reference. It is adopted for use by Pilgrim Covenant Church since 1999. Parents and teachers may adjust the curriculum according to their needs.

Copyright © Gratia Dei Sola Media